# မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ – တရားဝင်တည်ရှိမှုအတွက် သီးခြားလွတ်လပ်သော အဖွဲ့အစည်းဖြစ်ရန် လိုအပ်၏။

CENTRE FOR LAW AND DEMOCRACY
ဥပဒေနှင့် ဒီမိုကရေစီ စင်တာ
info@law-democracy.org
+1 902 431-3688
www.law-democracy.org

## ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်နေ့ အာဏာသိမ်းအပြီး ယခင်အဖွဲ့ဝင်များ ၎င်းတို့၏ ရာထူးအသီးသီးမှ နုတ်ထွက်သွားပြီးနောက် အသစ်ထပ်မံ ခန့်အပ်ခြင်းခံရသော မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ (MPC) ၏ အဖွဲ့ဝင်သစ်များအတွက် ညစာစားပွဲတစ်ခုကို မြန်မာနိုင်ငံကို လက်ရှိ စီမံအုပ်ချုပ်လျက်ရှိသော စစ်ကောင်စီက တည်ခင်းဧည့်ခံခဲ့၏။ ယခုသုံးသပ်ချက်အကျဉ်းချုပ်တွင် သတင်းမီဒီယာများကို ထိန်းကျောင်းလျက်ရှိသော MPC ကဲ့သို့သော အဖွဲ့အစည်းများ ဖွဲ့စည်းခြင်းဆိုင်ရာ နိုင်ငံတကာစံနှုန်းများကို မီးမောင်းထိုးပြလျက် အာဏာသိမ်းပြီးနောက်ပိုင်း MPC ၏ အခြေအနေများကို ဆန်းစစ်လေ့လာ တင်ပြထား၏။

## သတင်းမီဒီယာ စည်းကမ်းထိန်းသိမ်းရေးအဖွဲ့များအတွက် နိုင်ငံတကာစံနှုန်းများ

နိုင်ငံတကာစံနှုန်းများအတွက် အသင့်လျော်ဆုံးကျင့်ထုံးမှာ သတင်းမီဒီယာများ၏၊ အထူးသဖြင့် ပုံနှိပ်မီဒီယာများ၏၊ စည်းမျဉ်းစည်းကမ်းများကို သတင်းမီဒီယာသမားများကိုယ်တိုင် ချမှတ်ထိန်းကျောင်းသော အခြေခံမှု (a self–regulatory basis) ကို ကျင့်သုံးရန်ပင် ဖြစ်၏။ ဆိုလိုသည်မှာ သတင်းမီဒီယာလုပ်ငန်းဖြင့် အသက်မွေးနေသော အစိုးရမဟုတ်သည့် စည်းကမ်းထိန်းသိမ်းရေးအဖွဲ့မျိုးကို ဖွဲ့စည်းပေးမှသာ သတင်းမီဒီယာသမားများက စည်းမျဉ်းစည်းကမ်းနှင့်အညီ ကျင့်ဝတ်သိက္ခာရှိရှိ လိုက်နာဆောင်နိုင်မည့် အခြေခံကောင်းကို သတင်းမီဒီယာလုပ်ငန်းကိုယ်တိုင်က အာမခံချက်ပေးနိုင်ရန်ဖြစ်၏။ နိုင်ငံတော်အဆင့်က ဝင်ရောက်စွက်ဖက်လျှင် ၎င်း၏ ဩဇာလွှမ်းမိုးမှုကြောင့် သတင်းမီဒီယာလွတ်လပ်ခွင့်ကို ထိခိုက်စေနိုင်သဖြင့် ထိုသို့ ပါဝင်ပတ်သက်ခြင်း မပြုသင့်ပေ။

အကယ်၍ နိုင်ငံတစ်နိုင်ငံသည် သတင်းမီဒီယာထိန်းချုပ်မှုကို ဥပဒေတစ်ရပ်ဖြင့် ပြဋ္ဌာန်းဆောင်ရွက်ခဲ့လျှင် ထိုသို့သော ထိန်းချုပ်မှုမျိုးကို တရားဝင်ဖြစ်စေရေးအတွက်ဆိုလျှင် အနိမ့်ဆုံးအခြေအနေအဆင့်မျိုးဖြင့်သာ အသိအမှတ်ပြုရန် နိုင်ငံတကာဥပဒေအရ အောက်ပါအတိုင်း အတိအလင်း ပြဋ္ဌာန်းထားပြီးဖြစ်သောကြောင့်တည်း။

- သတင်းမီဒီယာကောင်စီအနေဖြင့် အစိုးရနှင့် နိုင်ငံရေးပါတီများမှ သီးခြားကင်းလွတ်၍ လွတ်လပ်စွာ ရပ်တည်နိုင်ရေးအတွက် အာမခံချက် ရရှိသင့်၏။
    - သတင်းမီဒီယာများအတွက် စည်းမျဉ်းစည်းကမ်းမှန်သမျှကို အစိုးရနှင့် လုံးဝ မပတ်သက်သော အဖွဲ့အစည်းကသာ ချမှတ်ထိန်းကျောင်းပေးရမည်။ သတင်းအချက်အလက် မျှဝေရန် အစိုးရ၌ ကိုယ်ပိုင်ဆက်သွယ်ရေးစနစ် ရှိကောင်းရှိနိုင်သော်လည်း သတင်းမီဒီယာများအနေဖြင့် လွတ်လပ်စွာ သတင်းပေးပို့နိုင်ခွင့်နှင့် အများသူငါအကျိုးစီးပွားအတွက် သတင်းမျှဝေခွင့် ရရှိရန် လိုအပ်၏။ စည်းကမ်းထိန်းသိမ်းရေးအဖွဲ့များအနေဖြင့် သတင်းမီဒီယာကို နိုင်ငံရေးအရ ဖိအားမပေးသင့်ပေ။

- ထို့ကြောင့် သတင်းမီဒီယာစည်းကမ်းထိန်းသိမ်းရေးအဖွဲ့အစည်းတစ်ခုသည် မိမိ၏ လွတ်လပ်ခွင့်အတွက်, အထူးသဖြင့် နိုင်ငံရေးအရ ဩဇာလွှမ်းမိုးမှုမှ ကင်းလွတ်ခွင့်အတွက်, အကာအကွယ်ပေးမှုများ ရရှိသင့်၏။ ဥပမာအားဖြင့်– နိုင်ငံရေးနောက်ခံအဆက်အသွယ်ရှိသူများကို အဖွဲ့ဝင်အဖြစ်ခန့်အပ်မှုအား တားမြစ်ခြင်းနှင့် အဖွဲ့ဝင်များအား လက်တုံ့ပြန်ခြင်းတို့ကို ဥပဒေအရ အကာအကွယ်ပေးသင့်၏။

- အစိုးရ၏ ဩဇာလွှမ်းမိုးမှုကို ကန့်သတ်နိုင်လောက်အောင် ကျွမ်းကျင်လိမ္မာသူများကိုသာ သတင်းမီဒီယာကောင်စီ၏ အဖွဲ့ဝင်များအဖြစ် ခန့်အပ်သင့်၏။
  - အဖွဲ့ဝင်အဖြစ် ခန့်အပ်မှုများ၌လည်း ပွင့်လင်းမြင်သာမှု ရှိသင့်ပြီး၊ ပြည်သူလူထုကိုယ်တိုင် အဖွဲ့ဝင်ဖြစ်ရေးအတွက်လည်း အခွင့်အရေးပေးသင့်၏။
  - အဖွဲ့ဝင်များ ရွေးချယ်ရာ၌ သတင်းမီဒီယာကိုယ်စားလှယ်များသည် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်သင့်၏။
  - သတင်းမီဒီယာကောင်စီအဖွဲ့ဝင်ဖြစ်ရေးအပေါ် နိုင်ငံရေးပါတီတစ်ခုတည်း သို့မဟုတ် အစိုးရတစ်ဖွဲ့တည်းက ချုပ်ကိုင်ဆုံးဖြတ်ခြင်း မဖြစ်စေရ။ ထိုသို့ လက်ဝါးကြီးအုပ်ချုပ်ကိုင်မည့်အစား အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် မီဒီယာလုပ်ငန်းဖြင့် အသက်မွေးသူများ (ထို့ပြင်/သို့မဟုတ်) အများပြည်သူဆိုင်ရာ အဖွဲ့အစည်းများအား ပူးပေါင်းပါဝင် ဆောင်ရွက်စေခြင်း စသည်တို့ကို စီစဉ်ပေးသင့်၏။

- သတင်းမီဒီယာကောင်စီသည် သတင်းမီဒီယာလွတ်လပ်ခွင့်ကို အားပေးကူညီသင့်၏။
  - သတင်းမီဒီယာစည်းကမ်းထိန်းသိမ်းရေးအဖွဲ့သည် နိုင်ငံတကာစံနှုန်းများနှင့်အညီ ပြဋ္ဌာန်းထုတ်ဝေထားသော ကျင့်ဝတ်စည်းကမ်းတစ်ရပ်ကို အခြေပြု၍သာ မီဒီယာဖြင့် အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းကဏ္ဍကို မြှင့်တင်သင့်သောကြောင့်, အစိုးရကို ဝေဖန်သည်ဟူသော အကြောင်းပြချက်မျှဖြင့် သတင်းမီဒီယာအား ပိတ်ဆို့အရေးယူခြင်းကို မည်သည့်အခါမျှ မလုပ်ဆောင်သင့်ချေ။
  - သတင်းမီဒီယာစည်းကမ်းထိန်းသိမ်းရေးအဖွဲ့များ၌ သတင်းမီဒီယာလွတ်လပ်ခွင့်ကို မြှင့်တင်ပေးရန် လုပ်ပိုင်ခွင့်/အခွင့်အာဏာတစ်ရပ် ရရှိသင့်၏။

## မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ – တရားဝင်တည်ရှိမှုအတွက် လိုအပ်သော အချက်များ

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ (MPC) ကို ၂၀၁၄ ခုနှစ် သတင်းမီဒီယာဥပဒေသစ်အရ ဖွဲ့စည်းပေးခဲ့ပြီး စာနယ်ဇင်းသမားများကို ရာဇဝတ်ပြစ်မှုဖြင့် စွဲချက်တင်ခြင်းကဲ့သို့သော တရားဥပဒေအရ အငြင်းပွားမှုများကို ဖြေရှင်းရေးအတွက် အခြားနည်းလမ်းတစ်ခုအနေဖြင့် သတင်းမီဒီယာအငြင်းပွားမှုများကို ဖြေရှင်းပေးရသည့် အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ပေးလျက်ရှိ၏။ ၂၀၁၄ ခုနှစ် သတင်းမီဒီယာဥပဒေသစ်တွင် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ (MPC) နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ပြဋ္ဌာန်းထား၏။

- ကောင်စီသည် စာနယ်ဇင်းသမားများနှင့် စပ်လျဉ်း၍ ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လွတ်လပ်စွာဆောင်ရွက်နိုင်မည့် တစ်ခုတည်းသော အဖွဲ့အစည်း ဖြစ်သည်။
- နစ်နာသော ဌာန, အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်သည် သတင်းမီဒီယာသမားတစ်ဦးက ပုဒ်မ ၉ တွင် ပြဋ္ဌာန်းထားသည့် တာဝန်နှင့် ကျင့်ဝတ်သိက္ခာတစ်ရပ်ရပ်ကို ချိုးဖောက်ကြောင်း ယူဆလျှင် ရှေးဦးစွာ

ကောင်စီသို့ တိုင်ကြားနိုင်သည်။ ကောင်စီသည် ပုဒ်မ ၂၁ အရ တိုင်ကြားချက်ကို လက်ခံရရှိပါက နှစ်ဖက်တွေ့ဆုံညှိနှိုင်းဖြေရှင်းခြင်းဆိုင်ရာ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

- နိုင်ငံတော်သမ္မတသည် ဤဥပဒေပါ ရည်ရွယ်ချက်နှင့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန် အောက်ပါအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ ပါဝင်သော မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီကို အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ဖွဲ့စည်းပေးရမည်။
    - ကောင်စီဝင်များအဖြစ် နိုင်ငံတော်သမ္မတက အဆိုပြုသည့် ကိုယ်စားလှယ်တစ်ဦး၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌတို့က အဆိုပြုသည့် ကိုယ်စားလှယ်တစ်ဦးစီ၊
    - သတင်းမီဒီယာသမားများ၊ သတင်းအေဂျင်စီများ၊ ပုံနှိပ်ထုတ်ဝေသူများ၊ စာရေးဆရာများ၊ ကဗျာဆရာများ၊ ကာတွန်းရုပ်ပြဆရာများက သတ်မှတ်အချိုးအစားအလိုက် အဆိုပြုသည့် ကိုယ်စားလှယ်များ၊
    - လူမှုရေး, စီးပွားရေး, စာပေယဉ်ကျေးမှု, ဥပဒေရေးရာ, သိပ္ပံနှင့်နည်းပညာဆိုင်ရာ အသိပညာရှင်, အတတ်ပညာရှင်များ ပါဝင်သည့် လူထုအဖွဲ့အစည်းများက ရွေးချယ်သည့် ကိုယ်စားလှယ်များ။

၂၀၁၄ ခုနှစ် သတင်းမီဒီယာဥပဒေသစ်အရ ဖွဲ့စည်းခဲ့သော မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ (MPC) သည် သတင်းမီဒီယာလွတ်လပ်ခွင့်အတွက် ပိုမိုခိုင်မာသော အကာအကွယ်များ ပေးနိုင်သဖြင့် လွတ်လပ်၍ အမှီအခိုကင်းသော ကောင်စီတစ်ရပ်ဖြစ်ကြောင်း ရှင်းရှင်းလင်းလင်း တွေ့မြင်ရ၏။ ယင်းမှာ အစိုးရနှင့် လွတ်ကင်းသော MPC အဖွဲ့ဝင်များကို ခန့်အပ်ခဲ့သော ယခင် အစိုးရများလက်ထက်က MPC ၏ အခြေအနေပင် ဖြစ်လေ၏။

## စစ်ကောင်စီလက်အောက်ရှိ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ

ဖေဖော်ဝါရီလ အာဏာသိမ်းပွဲအပြီး နောက်လများ၌ MPC အဖွဲ့ဝင်များသည် သတင်းမီဒီယာလွတ်လပ်ခွင့်ကို ဆက်လက် မပံ့ပိုးပေးနိုင်တော့သဖြင့် နုတ်ထွက်ခဲ့ကြ၏။ ထိုအချိန်မှစ၍ စစ်ကောင်စီသည် အဖွဲ့ဝင်သစ်များကို ခန့်အပ်ခဲ့၏။

ထို့ကြောင့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီသစ်သည် လွတ်လပ်စွာ ဆောင်ရွက်ခွင့် မရှိတော့ချေ။ လက်ရှိ MPC ဥက္ကဋ္ဌနှင့် ဒုဥက္ကဋ္ဌ နှစ်ဦးစလုံးသည် စစ်ကောင်စီနှင့် ခိုင်မာသော ဆက်ဆံရေး ရှိကြ၏။ MPC အဖွဲ့ဝင်သစ်များအဖြစ် သတင်းမီဒီယာအသိုင်းအဝိုင်းမှ သင့်လျော်သူများကို ရွေးချယ်ခန့်အပ်ထားသည်ဟု စစ်ကောင်စီက ဆိုသော်လည်း လွတ်လပ်သော သတင်းမီဒီယာများနှင့် စစ်မှန်သော ညှိနှိုင်းဆွေးနွေးမှုမျိုး ရှိခဲ့ကြောင်း အထောက်အထား မတွေ့ရချေ။ ထိုသို့ဆောင်ရွက်ရမည့်အစား စစ်ကောင်စီသည် လွတ်လပ်၍ အမှီအခိုကင်းသော သတင်းမီဒီယာလုပ်ငန်းများကို ပစ်မှတ်ထား၍ ပိတ်ပင်တားဆီးရန်သာ လုပ်ဆောင်ခဲ့၏။

ဖေဖေါ်ဝါရီလကတည်းက စစ်ကောင်စီသည် MPC အား လွတ်လပ်စွာ လုပ်ဆောင်ခွင့် မပြုတော့ကြောင်း ရှင်းရှင်းလင်းလင်း တွေ့မြင်ရ၏။ ထိုအချိန်ကတည်းက ပြန်ကြားရေးဝန်ကြီးဌာနသည် အာဏာသိမ်းမှုနှင့် စပ်လျဉ်း၍ စာနယ်ဇင်းသမားများအနေဖြင့် အချို့သော "မမှန်မကန် အသုံးအနှုန်းများ" ကို ရှောင်ကြဉ်ကြစေရန် MPC အား ညွှန်ကြားခဲ့၏။ ယင်းမှာ သင့်လျော်မှု လုံးဝ မရှိသော ဆောင်ရွက်ချက်ပင်ဖြစ်၏။ စစ်မှန်သော သတင်းမီဒီယာ စံနှုန်းများကို သတ်မှတ်ကျင့်သုံးရန် MPC ၌ တာဝန်ရှိပြီး၊ နိုင်ငံရေးသမားများသဖွယ် ဆောင်ရွက်ရန် မလိုအပ်ချေ။ ယင်းမှာ သတင်းမီဒီယာများအား စစ်ဘက်ဆိုင်ရာသတင်းပေးပို့မှုနှင့် တန်းတူညီမျှဖြစ်အောင် တွန်းအားပေးရေးအတွက် မြင်သာသော ကြိုးပမ်းမှုတစ်ခုပင်ဖြစ်လေ၏။

**မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ - တရားဝင်တည်ရှိမှုအတွက် သီးခြားလွတ်လပ်သော အဖွဲ့အစည်းဖြစ်ရန် လိုအပ်။**

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ (MPC) အနေဖြင့် လွတ်လပ်၍ အမှီအခိုမကင်းသ၍ ထိုအဖွဲ့အစည်းသည် တရားဝင် ရပ်တည်ရန် မဖြစ်နိုင်သည့်အပြင် ၎င်း၏ လုပ်ငန်းတာဝန်များကိုလည်း ကောင်းမွန်စွာ လုပ်ဆောင်နိုင်တော့မည် မဟုတ်ချေ။ MPC အနေဖြင့် စစ်ကောင်စီအတွက် တွန်းအားပေးသူအဖြစ် မဟုတ်ဘဲ၊ သတင်းမီဒီယာလွတ်လပ်ခွင့်ကို ထောက်ခံသူအဖြစ်သာ ရပ်တည်ဆောင်ရွက်သင့်လေ၏။

## ဆက်လက်ဖတ်ရှုရန်

- Briefing Note on Independent Regulation of the Media in English (https://bit.ly/31jfskv) and Burmese (https://bit.ly/3xWL2k9)
- Briefing Note on the Print Media in English (https://bit.ly/31nPBY8) and Burmese (https://bit.ly/3G8qx6z)